# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာ အပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၄၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၂၃ ရက်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၄) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၁ ရက်၊

မူကြမ်း

(၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၉) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၂ ရက်၊

(၁၀) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၁၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၂) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်နှင့်

(၁၃) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ၅၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာဆောင်ရွက်ခဲ့တဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဦးစောလှထွန်းက ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးများ ပထမအကြိမ် ကျင်းပခဲ့တာ ယနေ့ဆိုလို့ရှိရင် (၁၃)ကြိမ်ထိရှိသော်လည်း ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေတစ်ခုချင်းအလိုက်သာလျှင် ကျွန်တော်တို့အနေနဲ့ အစီရင်ခံစာများ ဖတ်ကြားခဲ့ပါတယ်။ ကော်မတီရဲ့လုပ်ငန်းအားလုံးကို ခြုံငုံသုံးသပ်ပြီးတော့ အစီရင်ခံစာကို ဖတ်ကြားခြင်းမပြုခဲ့ပါဘူး။ သို့သော်လည်း ကျွန်တော်တို့ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အစဉ်တစိုက်ပြုစုခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်တို့ မကျဉ်းမကျယ်၊ ပါသင့်ပါထိုက်တဲ့အချက်များကို ဖြည့်စွက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို တင်သွင်းရခြင်းဖြစ်ပါတယ်။

နိဒါန်းအားဖြင့် ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ (က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၀ အရအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလဖြစ်တဲ့ ၁-၃-၂၀၁၁ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်-

| | | | |
|---|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၆) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်မြင့် | ဇီးကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |

(၁၅) ဦးတီခွန်မြတ် ကွတ်ခိုင်မဲဆန္ဒနယ် အတွင်းရေးမှူးအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

ကော်မတီကိုပြင်ဆင်ဖွဲ့စည်းတာကတော့ ပြည်သူ့လွှတ်တော်ရဲ့ စတုတ္ထပုံမှန်အစည်းအဝေး ကာလဖြစ်တဲ့ ၂၁-၈-၂၀၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၅/၁၂)ဖြင့် ဥပဒေကြမ်းကော်မတီကို အောက်ဖော်ပြပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

| | | | |
|---|---|---|---|
| (၁) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစိုးစိုး | ထီးချိုင့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါ်ခင်ဌေးကြွယ် | မော်လမြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၅) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် | အတွင်းရေးမှူး |

ဆိုပြီးတော့ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှာ ကော်မတီအဖွဲ့ဝင် ဦးငွန်မောင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့အတွက် ၂၂-၃-၂၀၁၃ ရက်နေ့မှာပဲ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၃)ဖြင့် ဦးခင်ဝင်း၊ ပန်းတောင်းမဲဆန္ဒနယ်ကို အစားထိုးပြီးတော့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ တွဲဖက်တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းပြီးတဲ့အတွက်၊ ရှိတဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ ဒီကနေ့အထိ ဥပဒေပေါင်းများစွာကို ၁၉၀ ကျော်ကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သာမရှိရင် ကျွန်တော်တို့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒီကော်မရှင်ရဲ့ ပံ့ပိုးကူညီမှု၊ အကြံပေးမှုများကြောင့်သာလျှင် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြတဲ့ ဦးတင်ဝင်း၊ ဒေါ်သန်းသန်းရီ၊ ဦးဆန်းလင်းနှင့် ဒေါ်သင်းခိုင်တို့ကို ဥပဒေရေးရာကိစ္စရပ်များကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ရုံးရဲ့ ၂၉-၅-၂၀၁၄ ရက်စွဲပါစာအမှတ်ဖြင့် တွဲဖက်တာဝန်ပေးထားခဲ့ပါတယ်။ ဒီလိုတွဲဖက်တာဝန်ပေးထားသော်လည်း ဘာသာရပ်နှင့်သက်ဆိုင်တဲ့ ကော်မရှင်အဖွဲ့ဝင်များကိုလည်း ကျွန်တော်တို့ကဖိတ်ကြားရင် လာရောက်ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းရှိပါတယ်။ တပ်မတော်သား

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း လေ့လာသူများအဖြစ် တွဲဖက်ပြီးတော့ တာဝန်ပေးထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ငါးဦးဖြစ်ပါတယ်။ ၉-၆-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၁၄)ဖြင့် ဗိုလ်မှူးချုပ်ဝေလင်း၊ ဒုတိယဗိုလ်မှူးကြီးတက်ထွန်း၊ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ ဗိုလ်မှူးမင်းကိုဦးနှင့် ဗိုလ်မှူးမျိုးမင်းမောင်တို့ကိုလည်း တွဲဖက်ပြီးတော့ ဆောင်ရွက်ဖို့ တာဝန်ပေးထားပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်၊ သိရှိနိုင်ရန် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့လက်ကိုင်ပြုထားတဲ့ အဓိကတာဝန်များထဲမှ အခြေခံကျတဲ့အချက်(၁၂)ချက်နဲ့ ဥပဒေကြမ်းတွေကို စိစစ်ရပါတယ်။ အဲဒီ(၁၂)ချက်ဟာ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီရဲ့အသက်ဖြစ်ပါတယ်။ ဒီ(၁၂)ချက်ဘောင်ကိုကျော်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဆောင်ရွက်ခွင့်၊ ဆောင်ရွက်လို့၊ စိစစ်လို့မရပါဘူး။ အဲဒီအချက်(၁၂)ချက်ကတော့ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ (ခ) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊ (ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊ (ဃ) နိုင်ငံတော်၏တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်းရှိ/မရှိ၊ (င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိ/မရှိ၊ (စ) အများပြည်သူ၏ လုံခြုံရေးနှင့်ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ/မရှိ၊ (ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်းရှိ/မရှိ၊ (ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ/မရှိ၊ (ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ/မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းရှိ/မရှိ၊ (ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်းရှိ/မရှိ၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေရှိ/မရှိနှင့် (ဋ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်

မူကြမ်း

နိုင်ရန်ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းရှိ/မရှိဆိုတဲ့အချက်များ (၁၂)ချက်နဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက စိစစ်ရပါကြောင်း တင်ပြလိုပါတယ်။ အစီရင်ခံတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်မယ်ဆိုရင် (က) ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးတဲ့ ဥပဒေကြမ်းတွေရှိပါတယ်။ (ခ) အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီးတော့ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ဥပဒေကြမ်းတွေရှိပါတယ်။ (ဂ) ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ သွားရောက်ပြီးတော့ ဆွေးနွေးဆောင်ရွက်ရတဲ့ လုပ်ငန်းတာဝန်များရှိပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်းပေါင်း (၁၆၅)ခုရှိပါတယ်။ ဒါကို ကျွန်တော်တို့ နောက်ဆက်တွဲ(က)အနေနဲ့ တင်ပြထားပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလမှာ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီးတော့ ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးဖို့ပေးပို့လာတဲ့ ဥပဒေကြမ်းက (၁၀၃)ခုရှိပါတယ်။ ဒါကို နောက်ဆက်တွဲ(ခ)အနေနဲ့ တင်ပြထားပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးတဲ့ဥပဒေကြမ်း (၁၅၂)ခု၊ နည်းဥပဒေ (၂)ခုတို့ကို လွှတ်တော်၌ အတည်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းများကိုလည်း နောက်ဆက်တွဲ(ဂ)ဖြင့်တင်ပြထားပါတယ်။ ကျွန်တော်တို့ နောက်ဆုံး ၂-၁၂-၂၀၁၅ အထိ ရရှိတဲ့စာရင်းများဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင်တော့ ထပ်မံပြီးတော့ တိုးနေဦးမှာဖြစ်ပါတယ်။ နောက် အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့တဲ့ ဥပဒေကြမ်း(၉၆)ခုကို လွှတ်တော်မှ ဆောင်ရွက်ပြီးစီးခဲ့သည့်ဥပဒေကြမ်းများကို နောက်ဆက်တွဲ(ဃ)နဲ့ တင်ပြထားပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေပေါင်း (၁၉၅) ခုကို နောက်ဆက်တွဲ(င)ဖြင့် တင်ပြအပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ခဲ့ကြပါသည်။ ဒီလို ပူးတွဲဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ ဆောင်ရွက်တဲ့ဥပဒေကြမ်းများကိုလည်း နောက်ဆက်တွဲ(စ)ဖြင့် ပြည့်ပြည့်စုံစုံတင်ပြထားပါတယ်။ ဒီနောက်ဆက်တွဲများကိုတော့ သီးခြားဖတ်ကြားခြင်းကို မပြုတော့ပါဘူး။ လေ့လာနိုင်ကြဖို့ပါ။ အဲဒီတော့ ဒီမှာပါတဲ့ဥပဒေကြမ်းများကိုလည်း သက်ဆိုင်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် Websites များမှာလည်း ဥပဒေများကို

ကျွန်တော်တို့ ဒီမှာခေါင်းစဉ်များ တင်ပြထားပါတယ်။ အဲဒီ Websites များမှာ ဝင်ရောက်ကြည့်ရှု လေ့လာပြီးတော့ Download လုပ်နိုင်ပါတယ်။ စာအုပ်အဖြစ်လည်း လွှတ်တော်မှာထုတ်ဝေထား ပါကြောင်း အသိပေးလိုပါတယ်။

ပြည်ပနိုင်ငံရှိလွှတ်တော်များသို့ သွားရောက်လေ့လာခြင်းအနေနဲ့ကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ကော်မတီဝင်များသွားရောက်မှုကိုလည်း နောက်ဆက်တွဲ(ဆ)ဖြင့် တင်ပြထားပါတယ်။ နောက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်ပနိုင်ငံများ၏ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းမှ ပုဂ္ဂိုလ်တွေ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံပြီး ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပါတယ်။ (၅)နှစ်တာသက်တမ်းကာလအတွင်း ဆောင်ရွက် ချက်များကိုလည်း အကျဉ်းချုပ်သုံးသပ်တင်ပြရမယ်ဆိုရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်း အဝေးကာလမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဥပဒေကြမ်းကိုစိစစ်ရာမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဥပဒေကြမ်းအလိုက် ပြင်ပလူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များကို လိုအပ်ရင်လိုအပ်သလိုဖိတ်ပါတယ်။ ဥပဒေကြမ်းအပေါ်မှာ အကြံပြု ဆွေးနွေး၍ တင်ပြလာသူများနှင့်လည်း ညှိနှိုင်းအစည်းအဝေးကျင်းပပြီးတော့ ခိုင်မာတဲ့ဥပဒေဆိုင်ရာ အချက်အလက်များရရှိနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ရန် အချိန်အခါက လိုအပ် ပါတယ်။ ကျွန်တော်တို့ရဲ့ အခက်အခဲစိန်ခေါ်မှု(Challenge)ကတော့ အချိန်လုံလောက်စွာမရခြင်းဆိုတာ ကို ကျွန်တော်တို့ သုံးသပ်တွေ့ရှိပါတယ်။ ပြီးတော့ ကော်မတီရဲ့လုပ်ငန်းများဆောင်ရွက်ရာမှာ မလိုလား အပ်တဲ့အားနည်းချက်လည်း ရှိနိုင်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညှိနှိုင်း အစည်းအဝေးများ ဖိတ်ကြားရာမှာလည်း တာဝန်ယူရှင်းလင်းနိုင်မယ့်ပုဂ္ဂိုလ်များကို တက်ရောက်ပေးဖို့ ဖိတ်ကြားခဲ့တာ ရှိပါတယ်။ သို့သော်လည်း အချို့သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး များတက်ရောက်ခဲ့ကြသော်လည်း အများအားဖြင့်ကတော့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်များသာ ရှင်းလင်းဆွေးနွေးခဲ့သဖြင့် ဥပဒေကြမ်းနှင့်ပတ်သက် လို့ Final ဆုံးဖြတ်ချက်တွေယူတဲ့အခါမှာ တိကျတဲ့ဆုံးဖြတ်ချက်များ မပေးနိုင်တဲ့အတွက် ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်တွေကို ပြည့်မီစွာပြဋ္ဌာန်းနိုင်ရေး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များရှိခဲ့ပါတယ်။ ဒါကြောင့်လည်း အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရန် နှောင့်နှေးကြန့်ကြာမှုတွေ ရှိခဲ့ကြောင်းလည်း ကျွန်တော်တို့ သုံးသပ်ဝန်ခံတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ဥပဒေပြုရေးလုပ်ငန်း၌ စိန်ခေါ်မှု အမျိုးမျိုးနှင့်တွေ့ကြုံရသော်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး တော့ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲတွေမထားဘဲနဲ့ ကော်မတီဝင်များအားလုံးက စည်းလုံး ညီညွတ်စွာ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ကော်မတီမှာလည်း ပါတီအသီးသီးက ပါပါ တယ်။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် မှ ဘာသာရပ်အလိုက်ကျွမ်းကျင်တဲ့ပညာရှင်များ၏ ကူညီပံ့ပိုးမှုများကြောင့်သာလျှင် ကျွန်တော်တို့ ဒီအထိ၊ အတိုင်းအတာတစ်ခုထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ တပ်မတော်သားကိုယ်စားလှယ်များကိုလည်း ကော်မတီမှာ လေ့လာသူအဖြစ် တာဝန်ပေးအပ်ထားသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းစေပြီး ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် ကော်မတီဝင်များနှင့်အတူ တက်ကြွစွာ ပါဝင် ဆွေးနွေးဆောင်ရွက်ပေးခဲ့တာများကိုလည်း တပ်မတော်ကိုလည်း ကျွန်တော်တို့ အထူးမှတ်တမ်းတင် ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေကြမ်းကော်မတီမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများဟာလည်း ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးနှင့် ဝန်ထမ်းတွေဟာ အပင်ပန်းခံပြီးတော့ နားရက်မယူဘဲနဲ့ ပေးအပ်တဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများဟာ မိသားစုစိတ်ဓာတ် အပြည့်နှင့် လက်ရေတစ်ပြင်တည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဥပဒေကြမ်းများ အလွန်များပြား ပါတယ်။ များပြားတဲ့အတွက် လွှတ်တော်သက်တမ်းတစ်ခုစပြီဆိုရင် ဥပဒေကြမ်းကော်မတီဝင်များဟာ တခြားသောလွှတ်တော်ကိုယ်စားလှယ်များထက် ၁၀ ရက်ခန့် ကြိုပြီးတော့ လာရပါတယ်။ ပြန်မယ် ဆိုလို့ရှိရင်လည်း လွှတ်တော်တစ်ခုပြီးရင်လည်း နောက်ကျပြီးမှ ပြန်ရပါတယ်။ ဒါဟာ ကျွန်တော်တို့ လွှတ်တော် ဥပဒေကြမ်းကော်မတီက ဒါသည် (၅)နှစ်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့ရတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ဒီလိုကြိုတင်ဆောင်ရွက်ထားမှသာလျှင် လွှတ်တော်ရဲ့အစည်းအဝေး အစီအစဉ်များမှာ ဥပဒေများကို ကျွန်တော်တို့က တင်ပြနိုင်မှာဖြစ်တဲ့အတွက် ပိုမိုဆောင်ရွက်ရပါ ကြောင်း၊ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ရဲ့ ပံ့ပိုးမှုကိုပေးတဲ့ ဥပဒေရေးရာကော်မရှင်၊

တပ်မတော်သားများ၊ ဝန်ထမ်းများဟာ အဓိကကျပါတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ ဒါ မှတ်တမ်းပြုတင်ပြအပ်ပါတယ်။

အဲဒီတော့ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေကြမ်းကော်မတီအနေနဲ့ ကျွန်တော်တို့ စေတနာအရင်းခံပြီးတော့ နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေများကို စိစစ်ခဲ့ပါတယ်။ လွှတ်တော် က အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ကြပါတယ်။ အနာဂတ် လွှတ်တော်သက်တမ်းအဆက်ဆက်တွင် ဥပဒေပြုရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ကျွန်တော်တို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရပါတယ်။ ကျွန်တော်တို့ အမြဲတမ်းပြောပါ တယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းကော်မတီမဟုတ်ပါဘူး။ ဥပဒေချော့ကော်မတီပါ။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေတစ်ရပ် အဆင်ပြေချောမွေ့စွာပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးတဲ့ ကိုယ်စားလှယ်များနှင့် သဘောကွဲလွဲချက်များရှိရင် ကျွန်တော်တို့ ရှင်းပြရတာတွေ ရှိပါတယ်။ ဒီအချက် လေးတစ်ချက်အတွက်နဲ့ ရှင်းပြရင်းနဲ့ ကြန့်ကြာနေရင် ဒီဥပဒေမထွက်မှာစိုးတဲ့အတွက် လိုက်ပြီးတော့ နားလည်အောင်ရှင်းပြရင်းနဲ့ ချော့ရလို့ ကျွန်တော်တို့ကတော့ ဥပဒေချော့ကော်မတီပါလို့ ပြောပါတယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအဖွဲ့၊ အရပ်ဖက်အဖွဲ့အစည်းများကိုလည်း အစည်းအဝေးတွေဖိတ်ပါ တယ်။ အစည်းအဝေးတွေကျင်းပပြီးတော့ ညှိနှိုင်းစိစစ်တာတွေ၊ အစီရင်ခံစာတွေရေးသားတာတွေ၊ မှတ်တမ်းပြုစုတာတွေ၊ အခြားလွှတ်တော်ကို ပို့တာတွေ အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်း တာဝန်များကို စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ နောင်တက်လာမယ့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ တာဝန်ထမ်းဆောင်ကြမယ့် ဥပဒေကြမ်းကော်မတီဝင်များ အနေနဲ့ အစည်းအဝေးတွေ ဘယ်လိုကျင်းပတယ်။ ဖိတ်စာတွေ ဘယ်လိုပေးတယ်။ အစီရင်ခံစာတွေ ဘယ်လိုရေးတယ်။ ဘယ်ဥပဒေကြမ်းကတော့ တစ်ခုချင်းအလိုက် အစည်းအဝေးဘယ်နှစ်ကြိမ် ထိုင်တယ်။ ထိုင်တဲ့အစည်းအဝေးတိုင်းမှာ ကျွန်တော်တို့ ဘယ်လိုတွေ ဆွေးနွေးခဲ့တယ်။ ဒီဆွေးနွေးချက် များအရ ဘယ်လိုဆုံးဖြတ်ချက်တွေချခဲ့တယ်ဆိုတဲ့ဟာကို ထုတ်ပြန်ပြီးတဲ့ဥပဒေ ၁၉၅ ခုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ကိုင်တွယ်ဆောင်ရွက်ရတဲ့ ၁၅၇ ခုအတွက် ၁၅၇ ဖိုင်အနေနဲ့ သီးခြားမှတ်တမ်းများ ပြုစုထားပါတယ်။ ဒါက ဘာလဲဆိုတော့ အနာဂတ်အတွက်ပါ။ ကျွန်တော်တို့ ရည်မှန်းပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဆောင်ရွက်ထားပါကြောင်း လွှတ်တော်သို့ အသိပေး တင်ပြလိုပါတယ်။ နောင်လာမယ့်လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများအနေဖြင့်

ဥပဒေပြုရေးလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိပါကြောင်း နိဂုံးချုပ်အားဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကာလဖြစ်သော ၁.၃.၂၀၁၁ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦးဖြင့်ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဥက္ကဋ္ဌ | ဒဂုံ မဲဆန္ဒနယ် |
| (ခ) | ဒေါ်နန်းဝါနု | အဖွဲ့ဝင် | ကွန်ဟိန်း မဲဆန္ဒနယ် |
| (ဂ) | ဦးသောင်း | ။ | မော်လိုက် မဲဆန္ဒနယ် |
| (ဃ) | ဦးဘရှိန် | ။ | ကျောက်ဖြူ မဲဆန္ဒနယ် |
| (င) | ဦးငွန်မောင်း | ။ | ဟားခါး မဲဆန္ဒနယ် |
| (စ) | ဒေါ်ဒွဲဘူ | ။ | အင်ဂျန်းယန် မဲဆန္ဒနယ် |
| (ဆ) | ဦးစောလှထွန်း | ။ | ချောင်းဦး မဲဆန္ဒနယ် |
| (ဇ) | ဦးခင်မောင်မြင့် | ။ | ဇီးကုန်း မဲဆန္ဒနယ် |
| (ဈ) | ဦးခင်မောင်ညို | ။ | ပေါက် မဲဆန္ဒနယ် |
| (ည) | ဦးခင်မောင်ရွှေ | ။ | တမူး မဲဆန္ဒနယ် |
| (ဋ) | ဦးစိုးရယ် | ။ | ဒီမောဆို မဲဆန္ဒနယ် |
| (ဌ) | ဦးစတီဖန် | ။ | ကျိုင်းတုံ မဲဆန္ဒနယ် |

| | | | |
|---|---|---|---|
| (ဍ) | ဦးသိန်းထွန်းဦး | ။ | အမရပူရ မဲဆန္ဒနယ် |
| (ဎ) | ဒေါက်တာစိုးမိုးအောင် | ။ | ဘီးလင်း မဲဆန္ဒနယ် |
| (ဏ) | ဦးတီခွန်မြတ် | အတွင်းရေးမှူး | ကွတ်ခိုင် မဲဆန္ဒနယ် |

**ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလဖြစ်သည့် ၂၁.၈.၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၂) ဖြင့် ဥပဒေကြမ်းကော်မတီကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ဥက္ကဋ္ဌ | ကွတ်ခိုင် မဲဆန္ဒနယ် |
| (ခ) | ဒေါ်နန်းဝါနု | အဖွဲ့ဝင် | ကွန်ဟိန်း မဲဆန္ဒနယ် |
| (ဂ) | ဦးသောင်း | ။ | မော်လိုက် မဲဆန္ဒနယ် |
| (ဃ) | ဦးဘရှိန် | ။ | ကျောက်ဖြူ မဲဆန္ဒနယ် |
| (င) | ဦးငွန်မောင်း | ။ | ဟားခါး မဲဆန္ဒနယ် |
| (စ) | ဦးစိုးစိုး | ။ | ထီးချိုင့် မဲဆန္ဒနယ် |
| (ဆ) | ဒေါ်ခင်ဖွေးကြွယ် | ။ | မော်လမြိုင် မဲဆန္ဒနယ် |
| (ဇ) | ဦးခင်မောင်ညို | ။ | ပေါက် မဲဆန္ဒနယ် |
| (ဈ) | ဦးခင်မောင်ရွှေ | ။ | တမူး မဲဆန္ဒနယ် |
| (ည) | ဦးစိုးရယ် | ။ | ဒီးမော့ဆို မဲဆန္ဒနယ် |
| (ဋ) | ဦးစတီဖန် | ။ | ကျိုင်းတုံ မဲဆန္ဒနယ် |
| (ဌ) | ဦးသိန်းထွန်းဦး | ။ | အမရပူရ မဲဆန္ဒနယ် |
| (ဍ) | ဒေါက်တာစိုးမိုးအောင် | ။ | ဘီးလင်း မဲဆန္ဒနယ် |
| (ဎ) | ဦးအောင်မြသန်း | ။ | ညောင်တုန်း မဲဆန္ဒနယ် |
| (ဏ) | ဦးစောလှထွန်း | အတွင်းရေးမှူး | ချောင်းဦး မဲဆန္ဒနယ် |

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကော်မတီအဖွဲ့ဝင် ဦးငွန်မောင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သဖြင့် ၂၂.၃.၂၀၁၃ ရက်နေ့ ပြည်သူ့

လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၃)ဖြင့် ဦးခင်ဝင်း၊ ပန်းတောင်းမဲဆန္ဒနယ်ကို ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုး၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ဥက္ကဋ္ဌ | ကွတ်ခိုင်မဲဆန္ဒနယ် |
| (ခ) | ဒေါ်နန်းဝါနု | အဖွဲ့ဝင် | ကွန်ဟိန်းမဲဆန္ဒနယ် |
| (ဂ) | ဦးသောင်း | ״ | မော်လိုက်မဲဆန္ဒနယ် |
| (ဃ) | ဦးဘရှိန် | ״ | ကျောက်ဖြူမဲဆန္ဒနယ် |
| (င) | ဦးခင်ဝင်း | ״ | ပန်းတောင်းမဲဆန္ဒနယ် |
| (စ) | ဦးစိုးစိုး | ״ | ထီးချိုင့်မဲဆန္ဒနယ် |
| (ဆ) | ဒေါ်ခင်ဌေးကြွယ် | ״ | မော်လမြိုင်မဲဆန္ဒနယ် |
| (ဇ) | ဦးခင်မောင်ညို | ״ | ပေါက်မဲဆန္ဒနယ် |
| (ဈ) | ဦးခင်မောင်ရွှေ | ״ | တမူးမဲဆန္ဒနယ် |
| (ည) | ဦးစိုးရယ် | ״ | ဒီမောဆိုမဲဆန္ဒနယ် |
| (ဋ) | ဦးစတီဖန် | ״ | ကျိုင်းတုံမဲဆန္ဒနယ် |
| (ဌ) | ဦးသိန်းထွန်းဦး | ״ | အမရပူရမဲဆန္ဒနယ် |
| (ဍ) | ဒေါက်တာစိုးမိုးအောင် | ״ | ဘီးလင်းမဲဆန္ဒနယ် |
| (ဎ) | ဦးအောင်မြသန်း | ״ | ညောင်တုန်းမဲဆန္ဒနယ် |
| (ဏ) | ဦးစောလှထွန်း | အတွင်းရေးမှူး | ချောင်းဦးမဲဆန္ဒနယ် |

**ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ တွဲဖက်ပေးခြင်း**

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်သော ဦးတင်ဝင်း၊ ဒေါ်သန်းသန်းရီ၊ ဦးဆန်းလင်းနှင့် ဒေါ်သင်းခိုင်တို့ကို ဥပဒေရေးရာကိစ္စရပ်များကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ရုံး

**မူကြမ်း**

၏ ၂၉-၅-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ဝ၅/ပသ(ကမတ)၁/၂၀၁၄- ၁၁၀ ဖြင့် တွဲဖက်တာဝန်ပေးခဲ့ပါသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တွဲဖက်တာဝန်ပေးခြင်း**

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ် (၅) ဦးကို ပြည်သူ့လွှတ်တော်ရုံး၏ ၉-၆-၂၀၁၄ ရက်စွဲပါအမိန့်အမှတ် (၁/၂၀၁၄)ဖြင့် လေ့လာသူများအဖြစ် တာဝန်ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ကြည်း ၁၄၁၈၅ | ဗိုလ်မှူးချုပ် ဝေလင်း |
| (ခ) | ကြည်း ၂၅၂၂၇ | ဒုတိယဗိုလ်မှူးကြီး တက်ထွန်း |
| (ဂ) | ကြည်း ၂၅၂၅၇ | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း |
| (ဃ) | ကြည်း ၂၇၃၈၇ | ဗိုလ်မှူး မင်းကိုဦး |
| (င) | လေ ၂၈၉၆ | ဗိုလ်မှူး မျိုးမင်းမောင် |

**ရည်ရွယ်ချက်**

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအချက်များကို အခြေခံ၍စိစစ်ရပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ၊ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့်အချက် များ ပါဝင်ခြင်း ရှိ၊မရှိ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ၊ မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ၊ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံး အနှုန်းများ ပါဝင်ခြင်းရှိ၊ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ၊ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးခြင်းရှိ၊ မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ ၊ မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည့်အခြေအနေရှိ ၊မရှိ ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်း ချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ ၊ မရှိ။

**အစီရင်ခံသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၈။ အစီရင်ခံသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်းများ၊

**မူကြမ်း**

(ခ) အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသည့် ဥပဒေကြမ်းများ၊

(ဂ) ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဆွေးနွေးဆောင်ရွက်ချက်များ။

၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း (၁၆၅) ခုကို နောက်ဆက်တွဲ (က) ဖြင့် တင်ပြအပ်ပါသည်။

၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၀၃)ခုကို နောက်ဆက်တွဲ(ခ) ဖြင့် တင်ပြအပ်ပါသည်။

၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၁၅၂)ခုနှင့် နည်းဥပဒေ(၂)ခုတို့ကို လွှတ်တော်၌ အတည်ပြုဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းများကို နောက်ဆက်တွဲ(ဂ) ဖြင့်တင်ပြအပ်ပါသည်။

၁၂။ ထို့အပြင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာ သည့် ဥပဒေကြမ်း (၉၆) ခုကို လွှတ်တော်မှ ဆောင်ရွက်ပြီးစီးခဲ့သည့် ဥပဒေကြမ်းများကို နောက်ဆက်တွဲ(ဃ) ဖြင့်တင်ပြအပ်ပါသည်။

၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း (၁၉၅) ခုကို နောက်ဆက်တွဲ (င) ဖြင့်တင်ပြအပ်ပါသည်။

၁၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲဆောင်ရွက်ခဲ့ကြပါသည်။ ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်းများကို နောက်ဆက်တွဲ(စ)ဖြင့် တင်ပြအပ်ပါသည်။

**ပြည်ပနိုင်ငံ လွှတ်တော်များသို့ သွားရောက်လေ့လာခြင်း**

၁၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလ၌ ပြည်ပနိုင်ငံလွှတ်တော်များသို့ သွားရောက်လေ့လာခြင်းကို နောက်ဆက်တွဲ (ဆ) ဖြင့် တင်ပြအပ်ပါသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ပြည်ပနိုင်ငံများ၏ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံပြီး ဥပဒေရေးရာဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

**သုံးသပ်ချက်**

၁၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ပလူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် ဥပဒေကြမ်းများအပေါ် အကြံပြုဆွေးနွေး၍ တင်ပြလာသူများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ၍ ခိုင်မာသော ဥပဒေဆိုင်ရာအချက်အလက်များ ညှိနှိုင်းရယူရန် လုံလောက်သောအချိန် လိုအပ်ပါသည်။ အချိန်လုံလောက်စွာမရရှိခြင်းကြောင့် ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုလားအပ်သော အားနည်းချက်များ ရှိနိုင်ပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညှိနှိုင်းအစည်းအဝေးများ ဖိတ်ကြားရာတွင် တာဝန်ယူရှင်းလင်းနိုင်မည့်ပုဂ္ဂိုလ်များကို တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားခဲ့ပါသည်။ သို့သော် အချို့သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသော်လည်း အများအားဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်များသာ ရှင်းလင်းဆွေးနွေးခဲ့သဖြင့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ တိကျခိုင်မာသည့် ဆုံးဖြတ်ချက်များ မပေးနိုင်သောကြောင့် ဥပဒေကြမ်း၏ရည်ရွယ်ချက်များကို ပြည့်မီစွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းများကို အကြိမ်ကြိမ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရန် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**နိဂုံး**

၁၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှု အမျိုးမျိုးနှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ ကော်မတီဝင်များအားလုံးက စည်းလုံး

ညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့်အပြင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ ကူညီပံ့ပိုးပေးမှုများကြောင့် ဥပဒေပြုရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များကို ကော်မတီတွင် လေ့လာသူ များအဖြစ် တာဝန်ပေးအပ်ထားသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီဝင်များနှင့်အတူ တက်ကြွစွာ လက်တွဲ ပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။

ဥပဒေကြမ်းကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည်လည်း ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် နားရက်မယူဘဲ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရှိ လွှတ်တော်ကိုယ်စားလှယ် များနှင့် ဝန်ထမ်းများသည် မိသားစုစိတ်ဓာတ်အပြည့်အဝနှင့် လက်ရည်တစ်ပြင်တည်း ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေကြမ်းကော်မတီအနေဖြင့် စေတနာအရင်းခံပြီး နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေများကို စိစစ်ခဲ့ကြပြီး လွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ကြပါသည်။ အနာဂတ် လွှတ်တော်သက်တမ်း အဆက်ဆက်တွင် ဥပဒေပြုရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများကို အစည်းအဝေး ဖိတ်ကြားခြင်း၊ အစည်းအဝေးကျင်းပ၍ ညှိနှိုင်းစိစစ်ခြင်း၊ အစီရင်ခံစာ ရေးသားခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အခြားလွှတ်တော်များသို့ ပေးပို့ခြင်းစသည့် ဥပဒေကြမ်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ခဲ့ပြီး နောင်လာမည့်လွှတ်တော်၏ ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိပါကြောင်း နိဂုံးချုပ်အားဖြင့် အစီရင်ခံတင်ပြ အပ်ပါသည်။

**မူကြမ်း**

**ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၀-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဦးသာစိန်၊ ကျောက်တော်မဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ကိုဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင်တင်ပြခဲ့တဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်က အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါကြောင့် ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်အား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက် လာကြသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို လေးစားဂါရဝ ပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကပ္ပတိန်သာစိန်(ခေါ်)ဦးသာစိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြည့်တဲ့အခါမှာ ကျစ်ကျစ်လျစ်လျစ် အားရစရာ၊ ပြည့်ပြည့်ဝဝမတွေ့ရပါဘူး။ တာဝန်(၈)ရပ် လုပ်ပိုင်ခွင့်(၄)ရပ်ကိုသာ အဓိကဖော်ပြထားတာကို တွေ့ရပါတယ်။ အပိုဒ် ၉ အပိုဒ်ခွဲငယ်(ဂ)မှာလည်း မပြည့်မစုံစာတမ်းတစ်ခုကို ရေးထားတာတွေ့ရပါတယ်။ ကော်မတီအနေနဲ့ အားလုံးကိုခြုံကြည့်မယ်ဆို ရင် ခွင့်တင်တာ၊ လွှတ်တော်ကိုယ်စားလှယ် အမှုကိုစိစစ်တာ၊ ဖြေရှင်းပေးတာ၊ သတင်းစာပါ အမှုတွေကို ဆောင်ရွက်ပေးတာ လွှတ်တော် ကိုယ်စားလှယ်ရုံးကိစ္စတွေကို ဆောင်ရွက်ပေးတာ စသည် အားဖြင့် အချက်တွေကိုတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်အခွင့်အရေးဆိုတဲ့ စကားလုံးနဲ့ တွဲဖက်ပါလာမယ့် Welfare

ဆိုတဲ့စကားလုံးကို ရှာကြည့်ပါတယ်။ သက်သာချောင်ချိရေး ဆိုတဲ့စကားလုံးကို မတွေ့ရပါဘူး။ အမှန်က အခွင့်အရေးဆိုတဲ့စကားလုံးဟာ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်တက်နေစဉ်အတွင်း၌ လွှတ်တော်ပြင်ပအချိန် မှာနေထိုင်ကြတဲ့အခါ စားရေး၊ နေရေး၊ သွားရေး၊ လာရေး၊ အဆင်ပြေ/မပြေ၊ အခက်အခဲရှိ/မရှိ တာဝန် ရှိသည့်ကော်မတီက ကြည့်ရှုစောင့်ရှောက်ပေးဖို့လို့ လိုတယ်လို့ထင်ပါတယ်။ အခုတော့ အထက်က တင်ပြခဲ့တဲ့ အချက်လောက်သာတွေ့ရပါတယ်။ မြို့နယ်တွေမှာ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ဖို့ကိစ္စကို အလေးထားဆောင်ရွက်ပေးနိုင်မယ်လို့ ပြောထားခဲ့ပေမယ့် ဘာမှဖြစ်မလာပါဘူး။ ရုံးနေရာအတွက် ကူညီပေးပါလို့ (၅)နှစ်တာ တင်ပြခဲ့ပေမယ့် (၅)နှစ်သာကုန်ဆုံးပါတော့မယ်။ အုပ်ချုပ်ရေးမှူးတွေက ဘာမှမလုပ်ပေးပါဘူး။ လွှတ်တော်အခွင့်အရေးကော်မတီကလည်း သတိမရကြပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဟာ အဓိက ကျွန်တော်နားလည်တာက Welfare သက်သာချောင်ချိရေးကိစ္စဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို စိစစ်ဖို့၊ အရေးယူဖို့ဆိုတာထက် သက်သာချောင်ချိရေး အခွင့်အရေးကို ဆောင်ရွက်ပေးဖို့သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တွေဟာ ပထမလွှတ်တော်(၅)နှစ်အတွင်းမှာ နေပြည်တော်၊ စည်ပင်တန်းလျားမှာ နေခဲ့ကြပါတယ်။ ဒီကိုယ်စားလှယ်တွေရဲ့နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဘယ်လိုနေကြသလဲ။ အဆင်ပြေကြရဲ့လားလို့ကော်မတီအနေနဲ့ မဟုတ်ဘဲ မှတ်မှတ်ရရ ကျွန်တော်တို့ကို အလေးထား ဂရုစိုက်ပေးတာ နှစ်ဦးပဲရှိပါတယ်။ တစ်ဦးကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း ဖြစ်ပါတယ်။ လွှတ်တော်တက်စက ဥက္ကဋ္ဌကြီးဟာ ကျွန်တော်တို့နေတာ အဆင်ပြေရဲ့လား မကြာခဏ လာပြီးတော့ သတင်းမေးတတ်ပါတယ်။ ဆီ၊ ဆန်၊ ဆားတက်နိုင်သလောက် ဖြန့်ဝေပေးတတ်ပါတယ်။ ဤသို့ ဂရုစိုက်မှုကို ကျွန်တော်တို့ မှတ်သားထားပါတယ်။ ဒုတိယတစ်ဦးကတော့ လွှတ်တော်ကိုယ်စားလှယ် စက်မှုဝန်ကြီး ဦးစိုးသိမ်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို ကားဝယ်ခွင့်ပေးတယ်။ စောင်၊ ပန်းကန်၊ ခွက်၊ စွပ်ကျယ်တွေကအစ သူ့ဌာနမှာရှိတဲ့ ပစ္စည်းတွေကို မကြာခဏ ဖြန့်ဝေပေးပါတယ်။ ပစ္စည်းပေးလို့ ကျေးဇူး တင်တာတကကျွာပါ။ သူတို့ရဲ့နှလုံးသားမှာ တိုင်းရင်းသားတွေကို အလေးထားဂရုစိုက်တာကို တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလို စိတ်ထားနဲ့ဆက်ဆံတာ သက်သာချောင်ချိရေးစိတ်ဓာတ်ကို မြှင့်တင်ပေးရာ ရောက်ပါတယ်။ ဒါကလည်း သက်သာချောင်ချိရေးလုပ်ငန်း တစ်ခုပါပဲ။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ထဲက တချို့ဟာ နောက်တစ်လခွဲကြာရင်(၅)နှစ်တာ နိုင်ငံရေးသံသရာမှလွတ်မြောက်ဖို့ ရှိနေကြပါတယ်။ လောလောဆယ်(၅)နှစ်တာကာလအတွင်းမှာ ပါတီအချင်းချင်း ပါတီ၊ ပုဂ္ဂိုလ်မခွဲခြားဘဲ လွှတ်တော်ထဲမှာသံယောဇဉ်ရှိရှိနေနဲ့ ခင်ခင်မင်မင်နေခဲ့ကြတာတွေ၊ စည်ပင်တန်းလျားမှာနေခဲ့ကြတာတွေကို ဝမ်းနည်းစွာဖြင့် နှုတ်ဆက်စကားပြောရင်း ခွဲခွာကြရပါတော့မယ်။ တချို့ကလည်း ဝမ်းပန်းတသာ ပြန်လာကြလာပါလိမ့်မယ်။ နေပြည်တော်ရွာမှာ ရခိုင်ရပ်ကွက်၊ ရှမ်းရပ်ကွက်၊ ချင်းရပ်ကွက်၊ ကရင်ရပ်ကွက်စသည်ဖြင့် တိုင်းရင်းသားအချင်းချင်းစုပေါင်းပြီး နေထိုင်ကြဖို့ အိမ်မက်လည်းအကောင်အထည်ဖော် မဖော်ခဲ့ကြပါဘူး။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီကို ဝေဖန်တာဟာ နောက်လာမယ့် လွှတ်တော်မှာ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအနေနဲ့ ပိုမိုပြည့်စုံသော၊ ပိုမိုအဓိပ္ပာယ်ရှိသော၊ ပိုမိုပြည့်ပြည့်စုံစုံနဲ့ လုပ်ပိုင်ခွင့်ရှိသော ကော်မတီတစ်ရပ်ဖြစ်လာဖို့အတွက်သာ ရည်စူးပြီးတော့ ဝေဖန်တင်ပြခြင်းဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအစား ပြည်သူ့လွှတ်တော် အခွင့်အရေးနှင့် သက်သာချောင်ချိရေးကော်မတီ ဖြစ်ပါစေကြောင်းလည်း ဆန္ဒပြုပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာတစ်ခုရှိပါတယ်။ လောလောဆယ်ကတော့ စည်ပင်တန်းလျားမှာနေကြတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေဟာ လက်ရှိအနေအထားမှာ မအိပ်နိုင်၊ မစားနိုင် ရင်ထုမနာ သောကပြဿနာတစ်ခု ဖြစ်နေပါတယ်။ အဲဒါကတော့ ၂၀၁၅ ခုနှစ် လွှတ်တော်တက်စကစပြီး တန်းလျားမှာနေတဲ့ အခန်းခကို ၅၀၀၀ ကျပ်စီ နောက်ကြောင်းပြန်ပြီးတော့ပေးရမယ်လို့ စည်ပင်ကအမိန့်ထုတ်ထားတာကြောင့် ဖြစ်ပါတယ်။ နောက်ကြောင်းပြန်ပေးရင် ကျပ် ၁၀ သိန်းလောက် ပြန်ပေးရပါမယ်။ ဒါကဥပဒေနဲ့လည်း မညီပါဘူး။ တိုင်းရင်းသားကိုယ်စားလှယ်များအတွက် ခက်ခဲပြီး မကျေမနပ်ဖြစ်နေရတဲ့ပြဿနာ ဖြစ်နေပါတယ်။ အဲဒီအမိန့်အတိုင်း လိုက်နာဖို့ ခက်ခဲပါတယ်။ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ နာယကကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် အခွင့်အရေးကော်မတီက ကယ်ပေးကြပါအုံးလို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ အခုလို ဝေဖန်ဆွေးနွေးပေးတဲ့ ကျောက်တော်မြို့နယ်က ကပ္ပတိန်သာစိန် (ခ)ဦးသာစိန်ကို ကျေးဇူးအထူးတင်ပါတယ်။ တိုင်းရင်းသား အထူးဖြစ်တဲ့အတွက်လည်း တိုင်းရင်းသား ဆိုတာ ကျွန်တော်တို့ ဒီထဲမှာနေထိုင်တဲ့ လူအားလုံးဟာ တိုင်းရင်းသားကြီးပါပဲ။ ကျွန်တော်တို့ သူစိမ်းမပါပါဘူး။ တစ်ခုပဲ နံပါတ်(၁)ကတော့

**မူကြမ်း**

အခွင့်အရေးကော်မတီလို့ပြောတဲ့အတွက် ပြန်လည် ရှင်းပြဖို့မလိုပေမယ့်လည်း ဒီအပေါ်မှာတော့ စင်ပေါ်မှာတာဝန်ယူနေရတဲ့ ဒုတိယဥက္ကဋ္ဌအနေနဲ့ တစ်ခွန်းလေးတော့ ကျွန်တော်ပြောလိုပါတယ်။ ဒီဟာကတော့ တခြားမဟုတ်ပါဘူး။ နံပါတ်(၁) ကပွတိန်သာစိန် အနေနဲ့ ဦးသာစိန်သိဖို့ကတော့ ကျွန်တော်တို့ အခွင့်အရေးဆိုတဲ့နေရာမှာ သေသေ ချာချာလေ့လာဖို့ လိုပါတယ်။ ကျွန်တော်တို့တွေဟာ Right ကော်မတီဖြစ်ပါတယ်။ အခွင့်အရေးဆိုတာ သာရေး/နာရေးလုပ်တဲ့ Welfare မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီ Right နဲ့ Welfare ကိုတော့ နံပါတ်(၁) ဦးသာစိန်အနေနဲ့ ခွဲခွဲခြားခြားသိသင့်ပါတယ်။ ကျွန်တော်တို့ အခု ဦးသာစိန်တင်ပြသွားတဲ့ ကိစ္စမှန်သမျှသည် အုပ်ချုပ်ရေးကိစ္စများဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ကိုယ်စား လှယ်တွေ တာဝန်ယူဆောင်ရွက်ရတဲ့ ကိစ္စမျိုးကို ပြောတာမဟုတ်ပါဘူး။ နောက်တစ်ချက်ကလည်းပဲ ကျွန်တော်စိတ်မကောင်းတာလေး တစ်ချက်ရှိပါတယ်။ အဲဒါကတော့ ဘာလဲလို့ပြောရင် ဦးသာစိန်က မြင်တာက အမြင်လေးတစ်ခုတည်းပြောလို့ပါ။ ကျန်တဲ့ကိုယ်စားလှယ်တွေ ရှိပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး တစ်ယောက်တည်း မဟုတ်ပါဘူးခင်ဗျား။ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင်လည်းပဲ စည်ပင်သာယာဧည့်ရိပ်သာကို အမြဲရောက်ပါတယ်။ အစည်းအဝေးမထိုင်ခင်ကာလမှာ ကျွန်တော် တစ်ယာက်တည်းတောင် မဟုတ်ပါဘူး။ အမျိုးသားလွှတ်တော်က ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးမြညိမ်း ကိုယ်တိုင် ကျွန်တော်တို့နှစ်ယောက်ဟာ အမြဲတမ်းပူးတွဲပြီး လာလာပြီးတော့ ကြည့်ရှုပြီးမှ ကျွန်တော်တို့ ပြန်တာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ခုနမြင်တာလေး နှစ်ယောက်တည်းကိုပဲ ပြောတာ။ ဆရာပြောသွားတဲ့ ဦးစိုးသိမ်း ဝန်ကြီးလာတဲ့အခေါက်အရေနဲ့ ကျွန်တော်တို့လာတဲ့ အခေါက်အရေနဲ့ ဘယ်သူက ပိုများသလဲဆိုတာ တောင်မှ စဉ်းစားကြည့်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးသာစိန် ကျွန်တော်ကို မမြင်တာတော့ ကျွန်တော်စိတ်မကောင်းဖြစ်ပါတယ်။ သို့သော်လည်း ကျန်တဲ့ကိုယ်စားလှယ်တွေ ကျွန်တော်တို့ကို မြင်ပါတယ်။ အမြဲရောက်ပါတယ်။ နောက်တစ်ချက်ကလည်း စည်ပင်တန်းလျားကလို့ ပြောတာလေး ကလည်း စိတ်မကောင်းပါဘူး။ ကျွန်တော်တို့ နာမည်ပေးထားတာ စည်ပင်ဧည့်ရိပ်သာဖြစ်ပါတယ်။ အခုတော့ ဆရာက စည်ပင်တန်းလျားလို့ ပြောသွားတဲ့အတွက် ဘာပဲပြောပြော တစ်မျိုးလေးလည်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခုနပြောတဲ့ ဒီဆောင်ရွက်ရန်ကိစ္စတွေမှာလည်းပဲ အကယ်၍ အခက်အခဲဖြစ်လာခဲ့ရင် ကျွန်တော်တို့ဆီကို လွှတ်တော်အခွင့်အရေးကော်မတီကို တင်ပြစရာတောင် မဟုတ်ပါဘူး။ အုပ်ချုပ်ရေးအဖွဲ့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဘယ်လိုပဲတတ်တတ် ညွှန်ချုပ်ကိုပဲဖြစ်ဖြစ် စာနဲ့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်ပြီးတော့ ခက်ခဲပြောကြားလိုက်ရင် နေ့တိုင်းတွေ့နေကြတာ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးလို့ရပါတယ်။ ကျွန်တော်တို့ မူကြမ်း

ဦးခိုင်မောင်ရည်ဆိုရင်လည်းပဲ အသိဖြစ်ပါတယ်။ သူကိုယ်တိုင်ပဲ လိုအပ်တဲ့ကိစ္စ မှန်သမျှကို လာတင်ပြ။ ဥက္ကဋ္ဌကြီးကော၊ ကျွန်တော်တို့တွေကော၊ အုပ်ချုပ်မှုအဖွဲ့တွေကော အကုန်လုံးက စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ကိုယ်တိုင်လာမတင်ပြပဲနဲ့ စာနဲ့ပဲရေးသားပြီးတော့ အသိမပေးခဲ့တဲ့အတွက် ကျွန်တော်တို့ မလုပ်ပေးနိုင်ခဲ့တာကတော့ ဒါကျွန်တော်တို့ မတတ်နိုင်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ နံပါတ်(၁) အခွင့်အရေးဆိုတဲ့နေရာမှာတော့ Right နဲ့ Welfare ကို နံပါတ်(၁)ခွဲခြားသိလိုပါတယ်။ ကော်မတီ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်များရဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ အဲဒီခုနပြောတဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းကိုလည်းပဲ ခွဲခြားသိလိုပါတယ်။ နောက်တစ်ခုကတော့ ခုနကိုယ်မြင်တဲ့ အမြင်လေးပဲ မဟုတ်ဘဲနဲ့ ကျန်တာတွေလည်းပဲ မြင်ပြီးတော့မှပဲ ကျွန်တော်တို့ကို ဝေဖန်ပေးပါလို့ ကျွန်တော်တို့ ပြောလိုပါတယ်ခင်ဗျား။ ဒါကျွန်တော့်အနေနဲ့လည်းပဲ အခွင့်အရေးကော်မတီရဲ့ ဥက္ကဋ္ဌတစ်ယောက်လည်း ဖြစ်တဲ့အတွက် ပြန်လည်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ဘာပဲပြောပြော ဆွေးနွေးပေးတဲ့အတွက်တော့ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အခွင့်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း များကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာကို အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးတင်မောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းခဲ့တဲ့ အစီရင်ခံစာအား ဤလွှတ်တော်ကြီးမှ သဘောတူအတည်ပြုပေးပါရန် အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ လွှတ်တော် အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်ပြခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံ စာအပေါ် အတည်ပြုရန် အဆိုတင်သွင်းဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမြင့်ဆွေ(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး ဝေါမဲဆန္ဒနယ်မှ ပညာရေးမြှင့်တင်မှုကော်မတီဝင် ဦးမြင့်ဆွေဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့က ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာမြဦး တင်သွင်းသွားသော ပညာရေးမြှင့်တင် မှုကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်ပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်ပြခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန်အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သန့်(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန့် ဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ်မှာ ဖတ်ကြားတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၄-၁၂-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက် မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူ များအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို၄-၁၂-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက် မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆို တင်သွင်းလိုသူများအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို

တိတိကျကျဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၄-၁၂-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆို တင်သွင်းလိုသူများအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောကပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီ အချိန်တွင်ရပ်နားပါသည်။]